AAR Japan
Association for Aid and Relief, Japan

International Labour Organization

Myanmar Centre for Responsible Business

# မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့် အလမ်း မြှင့်တင်ခြင်း

# နယ်ပယ်အသီးသီးမှ ပါဝင်ပတ်သက်သူများ အလုပ်ရုံဆွေးနွေးပွဲ

**၂၀၁၉ မတ်လ ၆ရက် နှင့် ၇ရက်**

**Rose Garden ဟိုတယ်၊ ရန်ကုန်**

AAR Japan
Association for Aid and Relief, Japan

International Labour Organization

Myanmar Centre for Responsible Business

## CONCEPT NOTE နှင့် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

### နောက်ခံအကြောင်း

ဒီဇင်ဘာလ ၂၀၁၁ခုနှစ် တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများအား မည်သည့် အလုပ်အကိုင်၊ အလုပ်နှင့် အလုပ်ခန့်အပ်မှုတွင်သာမက လူ့ဘောင်လောကတွင်ပါ ခွဲခြားဆက်ဆံမှုမရှိစေရန် အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးကို အတိအလင်း ဖော်ပြထားသော မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRPD)တွင် လက်မှတ် ရေးထိုးခဲ့သည်။ ဇွန်လ ၂၀၁၅ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေကို ထုတ်ပြန်ခဲ့သည်။ နည်းဥပဒေနှင့် ဥပဒေစည်းမျဉ်းများကို ဒီဇင်ဘာလ ၂၀၁၇တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ အခန်း(၈)တွင် မသန်စွမ်းသူများ အလုပ်ခန့်အပ်မှု ပိုမိုတိုးမြှင့်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များဖော်ပြထားသည်ကို တွေ့ရသည်။ ဥပဒေနှင့် နည်းဥပဒေများတွင် အလုပ်ရှင်များ အလုပ်ခွင်တွင် ခွဲခြားဆက်ဆံမှု မရှိစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် မသန်စွမ်းသူများအတွက် သင့်လျော်သော လုပ်ငန်းခွင်အခင်းအကျင်း ဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများနှင့် ပြင်ဆင်မွမ်းမံမှုများ လုပ်ဆောင်ရန် ထည့်သွင်းဖော်ပြထားပါသည်။

ထို့အပြင် ဥပဒေနှင့် နည်းဥပဒေများအရ ဝေပုံကျနှုန်းထား ရာခိုင်နှုန်းကို အမျိုးသားကော်မတီက သတ်မှတ်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ အမျိုးသားကော်မတီကို ၂၀၁၇ စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ ၎င်းကြောင့် လုပ်ငန်းရှင်များသည် သတ်မှတ်ထားသည့် ဝေပုံကျနှုန်းထား နှင့်အညီ မသန်စွမ်းသူများအား အလုပ်ခန့်ထားရန် လိုအပ်ပါမည်။ သို့သော် အမျိုးသားကော်မတီသည် ၎င်းနှုန်းထားအား တရားဝင် မသတ်မှတ်ရသေးသည့်အပြင် ထိရောက်သော ဝေပုံကျ နှုန်းထားစနစ်အတွက် လိုအပ်ချက်များဖြစ်သော မသန်စွမ်းသူများအား မှတ်ပုံတင်သည့် စနစ်နှင့် ပညာရေးကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးစနစ် အစရှိသည်တို့တွင် ခွဲခြားဆက်ဆံမှု မရှိစေရန် အကျယ်တပြန့် ထိရောက်စွာ လုပ်ဆောင်မှုများ မရှိသေးကြောင်း တွေ့ရသည်။

ထိုဥပဒေတွင် ဝေပုံကျနှုန်းထားနှင့် စပ်လျဉ်း၍ မက်လုံးများ(incentives)နှင့် ပြစ်ဒဏ်များ ပေးနိုင်ကြောင်း ချမှတ်ထားသည်ကို တွေ့ရသည်။ ၎င်းဥပဒေတွင် မက်လုံးများ(incentives) အနေနှင့် မသန်စွမ်းသူများကို ဝေပုံကျနှုန်းထားရာခိုင်နှုန်း ထက်ကျော်လွန်ပြီး အလုပ်ခန့်အပ်ပါက အခွန်ကင်းလွတ်ခွင့်ရပြီး သတ်မှတ် ထားသော ဝေပုံကျနှုန်းထား ရာခိုင်နှုန်းနှင့်အညီ အလုပ်မခန့်အပ်ပါက မသန်စွမ်းသူများ အခွင့်အရေးရန်ပုံငွေ အတွက် သတ်မှတ်ထားသော ငွေပမာဏအတိုင်းအတာတစ်ခုကို ပေးဆောင်ရမည် ဖြစ်ပါသည်။

စည်းမျဉ်းစည်းကမ်းအရ ဝေပုံကျနှုန်းထားများ သတ်မှတ်မှု အတိအကျမရှိသေးသော်လည်း မြန်မာနိုင်ငံ အလုပ်ခွင်တွင် မသန်စွမ်းသူများ ပါဝင်လုပ်ဆောင်ခွင့်ကို စတင်လုပ်ဆောင် သင့်ပါသည်။ မသန်စွမ်းသူများ လုပ်ငန်းခွင်တွင် ပါဝင်လုပ်ဆောင်မှုကြောင့် “စီးပွားရေးအကျိုးအမြတ်များ” ရနိုင်သည်ကို အကျယ်တပြန့်

သိရှိလာသောကြောင့် စီးပွားရေးလုပ်ငန်းများသည် မသန်စွမ်းသူများကို သနားညှာတာမှု၊ ဥပဒေအရ လိုက်နာဆောင်ရွက်မှု သဘောမျိုးနှင့် အလုပ်ခန့်အပ်ခြင်း မဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်း၊ ဆန်းသစ်ပြောင်းလဲမှုနှင့် အကျိုးစီးပွားပိုမို တိုးတက်လာစေရေးသို့ ဦးတည် ပြောင်းလဲ လာသည်ကို တွေ့ရသည်။ မသန်စွမ်းသူ လုပ်သားများအား သင့်လျော်သော အလုပ်ပေးပြီး ထိရောက်စွာ လုပ်ဆောင်နိုင်ရန် သင့်လျော်သော နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဆိုပါက ၎င်းတို့သည် အခြားလုပ်သားများကဲ့သို့ အလုပ်ပြီးမြောက်အောင် လုပ်ဆောင်နိုင်ကြသကဲ့သို့ ပိုမို၍ပင် စွမ်းဆောင်နိုင် ကြသည်ကို တွေ့ရှိရသည်။ လေ့လာတွေ့ရှိချက်များအရ အလုပ်ခွင်တွင် အားလုံး အကျုံးဝင်သည့် မည်သူမဆို အဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ရန် လုပ်ဆောင်ချက်နည်းလမ်းကို လက်ကိုင်ကျင့်သုံးပါက အလုပ် ထွက်မှုနှုန်းနှင့် အလုပ်ပျက်ကွက်မှုနှုန်း လျှော့ချနိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးအမြတ်များ ပေးနိုင်ပါသည်။ မသန်စွမ်းသူများသည် ကောင်းမွန်သော အလုပ်ကျင့်ဝတ်နှင့် အပြုသဘောဆောင် သဘောထားအမြင်တို့ ရှိကြပါသည်။ မသန်စွမ်းသူများအား အလုပ်ခန့်အပ်ခြင်းသည် ဝန်ထမ်းများ၊ စားသုံးသူများ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် ကုမ္ပဏီ၏ ဂုဏ်သတင်းကိုပါ မြင့်တင် နိုင်ပါသည်။

မသန်စွမ်းသူများ အလုပ်ခန့်အပ်ခြင်းကြောင့် စီးပွားရေးအကျိုးအမြတ်များ ရနိုင်သော်လည်း စီးပွားရေးလုပ်ငန်း အများစုသည် အလုပ်ခန့်အပ်ရန် မည်သို့ စတင်လုပ်ဆောင်ရမည်ကို သေသေချာချာ မသိကြပါ။ ကုမ္ပဏီများသည် ကျွမ်းကျင်သူများ၏ အထောက်အပံ့များကိုရယူပြီး ကမ္ဘာတစ်ဝှမ်းမှ အတွေ့အကြုံများ၊ အခြားအဖွဲ့အစည်းများမှ အလေ့အကျင့်ကောင်းများကို ထိရောက်စွာလေ့လာသင်ယူနိုင်ပါသည်။ MCRB ၏ တွဲဖက်အကြံပေး အဖွဲ့ဖြစ်သော အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် မသန်စွမ်းအဖွဲ့ (bdi)တွင် စီးပွားရေးလုပ်ငန်းများ၌ မသန်စွမ်းသူများ၏ အရည်အချင်းကို ပိုမိုယုံကြည်မှုရှိရေး၊ အလုပ်ခန့်ထားရေး၊ အရည်အသွေးမြှင့်တင်ပေးရေး၊ လုပ်ငန်းခွင်မှာ ရေရှည်တည်မြဲရေးတို့အတွက် ဦးတည် လုပ်ဆောင်သည့် နိုင်ငံတကာ ကွန်ရက်တစ်ခုရှိပါသည်။

၂၀၁၈ ဒီဇင်ဘာလတွင်, MCRB, JICA အထောက်အပံ့ပြုပေးသည့် အေအေအာ ဂျပန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် (MFPD)တို့သည် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနှင့် လက်စွဲစာအုပ်ကို ထုတ်ဝေခဲ့သည်။

၎င်းစာအုပ်သည် မသန်စွမ်းသူများအား စတင် အလုပ်ခန့်အပ်ရန်အတွက်သော်လည်းကောင်း၊ လုပ်ဆောင်မှုစွမ်းရည်တိုးတက်စေရန်အတွက် သော်လည်းကောင်း အလုပ်ရှင်များအတွက် အထောက်အကူပြုနိုင်ပါသည်။ အေအေအာ ဂျပန်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ၂၀၀၀ခုနှစ်မှစတင်၍ ရန်ကုန်မြို့တွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း

AAR Japan
Association for Aid and Relief, Japan

International Labour Organization

Myanmar Centre for Responsible Business

သင်တန်း (VTC)ကို ဖွင့်လှစ်ထားပါသည်။ VTC တွင် ဆံပင်ညှပ်၊ အလှပြင်၊ အပ်ချုပ်နှင့် ကွန်ပြူတာ သင်တန်းများ ဖွင့်လှစ်ထားပြီး နိုင်ငံတကာနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ထားခြင်းဖြင့် မြန်မာနိုင်ငံတွင်းရှိ မသန်စွမ်းသူဦးရေ ၁၆၀၀ ကျော်အား အလုပ်ခန့်အပ်နိုင်ခဲ့သည်၊

## ၂၀၁၉ မတ်လတွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် ဖိုရမ်၏ ရည်မှန်းချက်များ

သင်တန်းများနှင့် လက်စွဲစာအုပ်များအပြင် ကုမ္ပဏီများ၊ ကျွမ်းကျင်သူများ၊ မသန်စွမ်း အဖွဲ့အစည်း(DPO)များ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်လေ့လာသင်ယူနိုင်ကြပြီး မသန်စွမ်းသူများအား အလုပ်ခန့်အပ်ခြင်းဆိုင်ရာ အခွင့်အလမ်းများ ပူးပေါင်းမြှင့်တင်ရန် နည်းလမ်းများကို ဆွေးနွေးနိုင်မည့် ပတ်သက်စပ်ဆက်သူအားလုံး ပါဝင်သည့် အခင်းအကျင်းတစ်ခုမှာ အရေးကြီးပါသည်။ ၎င်းဖိုရမ်ကို ၂၀၁၇ နိုဝင်ဘာလတွင် ပထမဦးဆုံး ကျင်းပခဲ့ပါသည်။ ၂၀၁၉ မတ်လတွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် အစည်းအဝေးသည် ကုမ္ပဏီများနှင့် အဖွဲ့အစည်းသစ်များ ပါဝင်ဆွေးနွေးမှုရှိလာစေရန်နှင့် အမျိုးသားကော်မတီနှင့် ၎င်း၏ အလုပ်ကိုင် အခွင့်အလမ်း ဆပ်ကော်မတီသို့ ဆွေးနွေးပွဲ၏ ရလာဒ်များ တင်ပြနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်း စီးပွားရေးနှင့် မသန်စွမ်းကွန်ရက် (GBDN) ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော **မြန်မာ့စီးပွားရေးနှင့် မသန်စွမ်းကွန်ရက်** ဖြစ်မြောက်အောင် အကောင်ထည်ဖော်သင့်ကြောင်း MCRBနှင့် ILO မှ တင်ပြ လိုပါသည်။ စီးပွားရေးလုပ်ငန်းများတွင် မသန်စွမ်းသူများ အလုပ်ခန့်အပ်ခြင်းနှင့် စားသုံး သူများအဖြစ် ပိုမို ပါဝင်မှုရှိစေရန် ပိုမိုထိရောက်သော စကားဝိုင်းနှင့် သင်ယူမှုအတွက် ရေရှည်တည့်တံ့သည့် အခင်းအကျင်းတစ်ခုကို အထောက်အပံ့ပေးရန် ရည်ရွယ်ပါသည်။ GBDN သည် နိုင်ငံပေါင်းစုံတွင် အခြေစိုက်သော ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင် အသင်းချုပ်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အခြား ပါဝင်ပတ်သက်သူများကို ပေါင်းစည်းပေးပါသည်။ GBDNသည် နိုင်ငံတော်အဆင့်ကွန်ရက်များနှင့် အနီးကပ် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ပြီး ၎င်းကွန်ရက်တွင် ပါဝင်သူများသည် GBDN၏ အဖွဲ့ဝင် များလည်းဖြစ်ပါသည်။ လက်ရှိတွင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နိုင်ငံအဆင့် စီးပွားရေးနှင့် မသန်စွမ်းကွန်ရက်ပေါင်း ၂၀ ကျော် ရှိပါသည်။ ILOသည် တည်ဆဲကွန်ရက်များ ခိုင်မာစေရန် တိုက်ရိုက် အထောက်အပံ့များပေးပြီး ကွန်ရက်သစ်များကိုလည်း ဖွဲ့စည်းပေးပါသည်။ နိုင်ငံအဆင့် စီးပွားရေးနှင့် မသန်စွမ်းကွန်ရက်သည် နိုင်ငံတွင်း လုပ်ငန်းရှင်အသင်းချုပ်များ [ဥပမာအားဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)]၊ မသန်စွမ်းအဖွဲ့အစည်း (DPO)များ၊ အစိုးရနှင့် ပူးပေါင်း လုပ်ဆောင်ကြပါသည်။

AAR Japan
Association for Aid and Relief, Japan

International Labour Organization

Myanmar Centre for Responsible Business

ထို့ကြောင့် မတ်လ ဖိုရမ်၏ ရည်မှန်းချက်များမှာ

- မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်း” မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် လက်စွဲစာအုပ် အကြောင်း စီးပွားရေးလုပ်ငန်းများနှင့် အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲသူများကြားတွင် ပိုမို သိရှိနားလည်မှု ရှိစေရန်နှင့် ၎င်းစာအုပ်တွင်ပါဝင်သော အချက်အလက်များကို ပြည်တွင်းနှင့် နိုင်ငံတကာ ကျွမ်းကျင်သူများနှင့် အကျယ်တပြန့်ဆွေးနွေးရန်။

- အမျိုးသားကော်မတီ အလုပ်ကိုင်အခွင့်အလမ်း ဆပ်ကော်မတီ၏ လုပ်ဆောင်ချက်များ အပါအဝင်၊ အစိုးရ၊ မသန်စွမ်းအဖွဲ့များနှင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍမှ အလုပ်ရှင်များက မသန်စွမ်းသူများ အလုပ်ခန့် ထားခြင်းနှင့် နယ်ပယ်တိုင်းတွင် ပါဝင်မှုကို မြှင့်တင်ရန် မည်သည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်နေ ကြသည်၊ မည်သည် တို့ကို လုပ်ဆောင်ရန် ရည်ရွယ်သည်များနှင့် ပတ်သတ်၍ ပိုမိုသိရှိလာစေရန်။

- စီးပွားရေး လုပ်ငန်းများ အနေဖြင့် မသန်စွမ်းသူများ ပိုမို ပါဝင်နိုင်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများ၊ မသန်စွမ်းအဖွဲ့များနှင့် မသန်စွမ်းသူများကြား ချိတ်ဆက် ဆောင်ရွက်လာနိုင်စေရန်၊

မြန်မာ့စီးပွားရေးနှင့် မသန်စွမ်းကွန်ရက် ဖွဲ့စည်းနိုင်ရန် အခွင့်အလမ်းနှင့် အနာဂတ်တွင် ကြုံတွေ့နိုင်မည့် အခက်ခဲများကိုဆန်းစစ်ရန်။

အလုပ်ရုံဆွေးနွေးပွဲတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနှင့် ဆွေးနွေးမည်ဖြစ်ပြီး ဘာသာပြန်များ၊ မသန်စွမ်း သူများအတွက် သင်္ကေတပြ ဘာသာစကားနှင့် အခြားသောအထောက်အပံ့များလည်း ရှိပါမည်။

AAR Japan
Association for Aid and Relief, Japan

International Labour Organization

Myanmar Centre for Responsible Business

အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

**ပထမရက်**

| | |
|---|---|
| ၀၈:၃၀ – ၀၉:၀၀ | အမည်စာရင်းပေးသွင်းခြင်း |
| ၀၉:၀၀ – ၀၉:၅၀ | **ကြိုဆိုနှုတ်ခွန်းဆက် စကား**<br>• ဗစ်ကီ ဘိုမန် - ဒါရိုက်တာ - မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) - ၁၀ မိနစ်<br>**အဖွင့်အမှာစကား**<br>• ဦးမျိုးအောင် ၊ အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန - ၁၀ မိနစ်<br>• ဦးဝင်းနိုင်ထွန်း ၊ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန - ၁၀ မိနစ်<br>• ဦးသိန်းလွင်၊ ဥက္ကဋ္ဌ (ယာယီ)၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် – ၁၀ မိနစ်<br>• Yoshio NAKAGAWA ဌာနေကိုယ်စားလှယ် အေအေအာ ဂျပန် – ၁၀ မိနစ်<br>• ဦးဝင်းနိုင်၊ ဒု-ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများအသင်း၊ UMFCCI – ၁၀ မိနစ် |
| ၀၉:၅၀ – ၁၀:၂၀ | **အမှာစကား**<br>Jane Cordell, Director, Result CIC, deaf public speaker and coach<br>-'အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်း' - နိုင်ငံတကာ အတွေ့အကြုံများ |
| ၁၀:၂၀ – ၁၀:၃၀ | အမှတ်တရ ဓာတ်ပုံ ရိုက်ရန် |
| ၁၀:၃၀ – ၁၁:၀၀ | လက်ဖက်ရည် ကျွေးမွေးဧည့်ခံချိန် |
| ၁၁:၀၀ – ၁၁:၄၀ | **အပိုင်း(၁)။ ။ မသန်စွမ်းသူများအား အလုပ်အကိုင် အခွင့်အလမ်း မြှင့်တင်ခြင်းဆိုင်ရာ (တရားဥပဒေ မူဘောင် နှင့် အစိုးရလုပ်ဆောင်ချက်များ) ခြုံငုံသုံးသပ်ချက်။** |

| | |
|---|---|
| | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တင်ပြချက် – မိနစ် ၄၀<br><br>( ဦးစွမ်းရည်ရ၊ ညွှန်ကြားရေးမှူး၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန )<br><br>• **မသန်စွမ်းသူများအား** အလုပ်အကိုင် အခွင့်အလမ်း မြှင့်တင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ဆောင်ချက်များ၊ စီးပွားရေးလုပ်ငန်းတွေကရော ဘာတွေ လုပ်ဖို့ လိုပါသလဲ။<br><br>• မသန်စွမ်းသူများအား အလုပ်အကိုင် အခွင့်အလမ်း မြှင့်တင်ခြင်း ဆိုင်ရာ အစိုးရ၏ လုပ်ဆောင်ချက်များ (အလုပ်ကိုင်အခွင့်အလမ်း ဆပ်ကော်မတီ ဖွဲ့စည်းမှုနှင့် နိုင်ငံအတိုင်းအတာ လုပ်ဆောင်မှု အလားအလာ)<br><br>• မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း အလားအလာ<br><br>အမေးအဖြေကဏ္ဍ |
| ၁၂:၀၀ – ၁၂:၂၀ | **MCRB မှ Presentation**<br><br>• လက်စွဲစာအုပ် မိတ်ဆက်ခြင်း |
| ၁၂:၂၀ – ၁၃:၃၀ | နေ့လည်စာ ကျွေးမွေးဧည့်ခံချိန် |
| ၁၃:၃၀ – ၁၅:၀၀ | **အပိုင်း (၂)။ ။စီးပွားရေးနှင့် မသန်စွမ်းကွန်ရက် ဖွဲ့စည်းခြင်း**<br><br>GBDNနှင့် နိုင်ငံတွင်းရှိ ကွန်ရက် အဆက်အသွယ်များ။ ။ စီးပွားရေးလုပ်ငန်းများ နှင့် မသန်စွမ်းသူများ ပူးပေါင်းလုပ်ဆောင်ခြင်းသည် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အ ခွင့်အလမ်းများ တိုးမြှင့်နိုင်ကြောင်း (GBDN ၏ အတွေ့အကြုံ၊ အခွင့်အလမ်းများ၊ အခက်အခဲများ၊ တိုးတက်ပြောင်းလဲလာမှုများ)<br><br>• Peter Fremlin, an external consultant to ILO (မိနစ်၂၀ ကြာ presentation နှင့် ဝိုင်းဖွဲ့ဆွေးနွေးခြင်း)<br><br>• မသန်စွမ်းသူများအား အလုပ်အကိုင် အခွင့်အလမ်း မြှင့်တင်ခြင်းဆိုင်ရာ ဘင်္ဂလားဒေ့ရှ် စီးပွားရေးနှင့် မသန်စွမ်းကွန်ရက်၏ အတွေ့အကြုံများ (အခွင့်အလမ်းများ၊ အခက်အခဲများ၊ တိုးတက်ပြောင်းလဲလာမှုများ) |

| | |
|---|---|
| | Murteza Khan, CEO, BBDN network (မိနစ်၂၀ ကြာ presentation and ဝိုင်းဖွဲ့ဆွေးနွေးခြင်း)<br><br>**(moderated by Rory ILO)**<br><br>**ဝိုင်းဖွဲ့ဆွေးနွေးခြင်း/အမေးအဖြေကဏ္ဍ (မိနစ် ၃၀)** |
| ၁၅း၀၀ - ၁၅း၂၀ | လက်ဖက်ရည် ကျွေးမွေးဧည့်ခံချိန် |
| ၁၅:၂၀ – ၁၆:၃၀ | **အပိုင်း(၃)။ ။ မသန်စွမ်းသူများအား အလုပ်အကိုင်အခွင့်အလမ်း မြှင့်တင်ခြင်းဆိုင်ရာ နည်းလမ်းများအကြောင်း ဝိုင်းဖွဲ့ဆွေးနွေး ခြင်း နှင့် အကြံပေးခြင်း**<br><br>ဝိုင်းဖွဲ့ဆွေးနွေးခြင်း (မိနစ် ၆၀)<br><br>• မသန်စွမ်းသူအလုပ်ခန့်အပ်ရာတွင်ကြုံတွေ့နိုင်သောစိန်ခေါ်မှုများ၊ အခက်အခဲများ နှင့် ၎င်းတို့ကို ကျော်လွှားမှု<br><br>• မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်နိုင်ရန် မြန်မာနိုင်ငံတွင် ကုမ္ပဏီများနှင့် မသန်စွမ်းအဖွဲ့များ မည်သို့ ပူးပေါင်းလုပ်ဆောင်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် မသန်စွမ်း ကွန်ရက်ဖွဲ့ စည်းခြင်းနှင့် ၎င်းအဖွဲ့အစည်း၏ အလားလာ (အခွင့်အလမ်းများ၊ အခက်အခဲများ)<br><br>Panelists:<br><br>• ဦးကျော်မျိုးသန့်၊ ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း ဦးစီးဌာန။<br>• ဒေါ်မမနိုင်၊ (HR) ဒါရိုက်တာ, Sule Shangri-La Yangon<br>• ဒေါ်ယုယသူ (မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့)၊ အမျိုးသားကော်မတီ။<br>• ဒေါက်တာ ဇော်မိုးအောင်၊ Country Director, The Leprosy Mission Myanmar.<br>• ဒေါက်တာ လူမွန်၊ အမှုဆောင် ဒါရိုက်တာ၊ Myanmar Tourism Development Institute.<br><br>Moderated by ဗစ်ကီ ဘိုမန် - ဒါရိုက်တာ - မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) |

| | |
|---|---|
| | **ဆွေးနွေးခြင်း/ အမေးအဖြေကဏ္ဍ (၄၀ မိနစ်)** |

**ဒုတိယရက်**

| | |
|---|---|
| ၀၈:၃၀ – ၀၉:၀၀ | အမည်စာရင်းပေးသွင်းခြင်း |
| ၀၉:၀၀ – ၀၉:၁၅ | ပထမရက်တွင် ဆွေးနွေးခဲ့သည့် အချက်အလက်များအကြောင်း မျှဝေခြင်း |
| ၀၉:၁၅ – ၁၀:၅၀ | **အပိုင်း (၄)။ ။ Job Coaching အကြောင်း ဝိုင်းဖွဲ့ဆွေးနွေးခြင်း**<br>• Jane Cordell, Result CIC, Deaf Public Speaker and Coach (၁၅ မိနစ်)၊<br>• ဒေါ်ခင်မျိုးဆု၊ အမှုဆောင် ကော်မတီဝင်၊ မသန်စွမ်းသူများ အသင်းချုပ် (၁၅ မိနစ်)၊<br>• ရွှေမင်းသား ဖောင်ဒေးရှင်း မြန်မာ (TBC) (၁၅ မိနစ်)၊<br>• Phillippe Battle, General Manager, Novotel Yangon Max/ Area General Manger, Accor Hotels Myanmar (၁၅ မိနစ်)<br>• Peter Fremlin, an external consultant to ILO (၁၅ မိနစ်)<br><br>ဒေါ်ဆွေဆွေလှိုင် (အေအေအာ ဂျပန်) မှ ဦးဆောင် ဆွေးနွေးမည်။<br><br>SMTF – job coach စနစ် ဆိုသည်မှာ...၊ မြန်မာနိုင်ငံတွင် လက်ကိုင်ကျင့်သုံးနေသော လုပ်ထုံးနည်းစနစ်များ။<br><br>Jane – coaching က မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း မြှင့်တင်ရန်၊ တိုးတက်မှုရရှိရန်နှင့် အခြားသူများ အတုယူဖွယ်ရာ ပုဂ္ဂိုလ်များ ဖြစ်လာစေရန် မည်သို့ ကူညီပေးပါသနည်း။<br><br>MFPD – MFPD၏ အလုပ်ခန့်အပ်ခြင်းလုပ်ဆောင်မှု မျှဝေခြင်း၊ ကွာဟချက်များ၊ မြန်မာနိုင်ငံသည် အခြားတိုင်းပြည်များမှ job coach စနစ်နှင့် လုပ်ထုံးများလေ့လာ အတုယူပြီး အကောင်ထည်ဖော်သင့် ကြောင်း။ |

| | |
|---|---|
| | Novotel – မသန်စွမ်းသူများအလုပ်ခန့်အပ်ခြင်းနှင့် ပတ်သက်သည့် မူဝါဒချက်၊ job coach စနစ် နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအတွက် အကြံပြုချက်၊ (၂၀ မိနစ်) |
| ၁၀:၅၀ – ၁၁:၁၀ | လက်ဖက်ရည် ကျွေးမွေးဧည့်ခံချိန် |
| ၁၁:၁၀ – ၁၂:၃၀ | **အပိုင်း (၅)။ ။ အထောက်အကူပြုသည့် နည်းပညာ နှင့် အဆင် ပြေသင့်လျော်သော ပတ်ဝန်းကျင် ဖြစ်စေရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးမှု အကြောင်း ဝိုင်းဖွဲ့ဆွေးနွေး ခြင်း။**<br><br>အထောက်အကူပြုသည့် နည်းပညာ နှင့် အဆင်ပြေသင့်လျော်သောပတ်ဝန်းကျင် ဖြစ်စေရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးမှု အကြောင်း ဝိုင်းဖွဲ့ဆွေးနွေးခြင်း။<br><br>• ဦးကျော်ကျော်၊ Founder/ Program Director, Myanmar Deaf Community Development Association (MDCDA) (၁၅ မိနစ်)။<br>• ဒေါ်အေးသင်ဇာမောင်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (၁၅ မိနစ်)<br>• ဒေါ်ဝင်းသူမွန် Vice President, Call Centre and CCTV Team, Myanmar Apex Bank (၁၅ မိနစ်)<br>• ဦးဝင်းရွှေ ၊ Myanmar Screen Reader software developer (၁၅ မိနစ်)။<br><br>ဦးနေလင်းစိုး၊ အလုပ်အမှုဆောင် ဒါရိုက်တာ ၊ မသန်စွမ်းသူများ ရှေ့ဆောင် အဖွဲ့မှ ဦးဆောင်မည်။<br><br>**အမေးအဖြေကဏ္ဍ (၁၀ မိနစ်)** |
| ၁၂:၃၀ – ၁၃:၃၀ | နေ့လည်စာ ကျွေးမွေးဧည့်ခံချိန် |
| ၁၃:၃၀ – ၁၄:၄၅ | **အပိုင်း ၆ (က)။ ။မသန်စွမ်းသူများ အလုပ်ခန့်အပ်ခြင်းနှင့် သက်ဆိုင်သော လက်ရှိတွင် ကျင့်သုံးနေသော ကောင်းမွန်သည့် လုပ်ငန်းအလေ့အကျင့်များအကြောင်း ဝိုင်းဖွဲ့ ဆွေးနွေးခြင်း**<br><br>• မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများ ပို့ချခြင်း |

| | |
|---|---|
| | ဒေါ်ဆွေဆွေလှိုင်၊ အလုပ်အကိုင် မြှင့်တင်ရေး အရာရှိ, အေအေအာ ဂျပန် (၁၅ မိနစ်)<br>• အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးသင်တန်းများပို့ချခြင်း Yuta MOMOSE, Managing Director, Japan Heart – ၁၅ မိနစ်<br>• ဒေါ်ဖူးပွင့်ဝေ (Mizzima Media) – ၁၅ မိနစ်<br>• ဦးကျော်လင်းနိုင် (မြန်မာ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း MPHA) (၁၅ မိနစ်)<br><br>Facilitator: နှင်းဝတ်ရည်၊ MCRB<br><br>**အမေးအဖြေကဏ္ဍ (၁၀ မိနစ်)** |
| ၁၄:၄၅ - ၁၅:၀၅ | လက်ဖက်ရည် ကျွေးမွေးဧည့်ခံချိန် |
| ၁၅:၀၅ – ၁၆:၃၅ | **အပိုင်း ၆ (ခ)။ ။ မသန်စွမ်းသူများအလုပ်ခန့်အပ်ရန် ပဏာမခြေလှမ်းများနှင့် ကောင်းမွန်သည့် လုပ်ငန်းအလေ့အကျင့်များ ဝိုင်းဖွဲ့ဆွေးနွေးခြင်း**<br>• Md. Sazaduzzaman, General Manager, BRAC Myanmar - ၁၅ မိနစ်<br>• Reiza Su Kyi, Apprentice Program Manager, Yangon Bake House ၁၅ မိနစ်<br>• Ulla Kroeber, Founder, Lead designer (လှုတယ်) – ၁၅ မိနစ်<br>• Katie Riley, The Leprosy Mission Myanmar – ၁၅ မိနစ်<br><br>Facilitator: မြင့်နိုင်ကျော်၊ MCRB<br><br>အမေးအဖြေကဏ္ဍ (၃၀ မိနစ်) |
| ၁၆:၃၅- ၁၇:၀၀ | ခြုံငုံသုံးသပ်ချက်နှင့် နိဂုံးချုပ် အမှာစကား (MCRB/AAR/ILO) |